## ဒုတိယ ၉ ပတ်အတွက် ရွေးချယ်ခြင်း

## အကျဉ်းချုပ်

### မူလတန်း

သူငယ်တန်းမှ ၂ တန်း ကျောင်းသားမိဘများအနေ ဖြင့် ကလေး **လူကိုယ်တိုင်** တစ်ပတ် (၄) ရက် ကျောင်းတက်ခြင်း (သို့) တစ်ပတ် (၅) ရက် အဝေးသင် **အွန်လိုင်း**တက်ခြင်း တစ်မျိုးမျိုး ကို ရွေးချယ်နိုင်ပါလိမ့်မည်။ ကျောင်းသားများ အားလုံး ဗုဒ္ဓဟူးနေ့တွင် အွန်လိုင်းတက်ရမည်။ အကယ်၍ သင်ကြားရေးနည်းပညာ ပစ္စည်း ၊ အိမ်စာလုပ်ရန် စာရွက်စာတမ်း အထုပ်မရသေးသော ကျောင်းသားများအတွက် အသုံးပြုနိုင်အောင် စီစဉ်ပေးပါမည်။

အောက်တိုဘာလ ၂၃ ရက် ၊ သောကြာနေ့တွင် ထုတ်ပြန်ထားသော စစ်တမ်းကောက်ယူခြင်း ဆာဗေးကို ကျေးဇူးပြု၍ ဖြေကြားပေးပါ။ စစ်တမ်းကောက်ယူခြင်း ဆာဗေးကို အောက်တိုဘာလ ၂၈ ရက် ၊ ဗုဒ္ဓဟူးနေ့ ညနေ ၃နာရီတွင် ပိတ်မည်။ အပြောင်းအလဲ သည် နိုဝင်ဘာလ ၅ ရက် ၊ ၂၀၂၀ ကြာသပတေး နေ့ တွင် ဖြစ်မည်။

**၃တန်း မှ ၅ တန်း** ကျောင်းသားများ အရောသင်ကြားရေး စနစ် M/Th (သို့) T/Fr နေ့များတွင် လူကိုယ်တိုင်ကျောင်းတက်ခြင်း ကို ဆက်လက်ထားရှိသွားမည်။ ကျောင်းမတက်ရသောနေ့များတွင် ဆရာအဝေးမှ လမ်းညွှန်မှုဖြင့် သင်ကြားမည်။ သင်ကြားရေးနည်းပညာ ပစ္စည်း ၊ အိမ်စာလုပ်ရန် စာရွက်စာတမ်း အထုပ်မရသေးသော ကျောင်းသားများအတွက် အသုံးပြုနိုင်အောင် ကျောင်းသားအိမ်သို့ ပစ္စည်းများ ပို့ပေးမည်။ အိမ်စာကို ပြီးအောင်လုပ်ပြီး နောက်ရက် ကျောင်းလာတက်လျှင် ဆရာထံ ပြန်အပ်ရမည်။ အကယ်၍ ကျောင်းသား၏ ပညာရေးတိုးတက်မှုမှတ်တမ်း မအောင်မြင်ရန်/ကျရှုံးရန် စိုးရိမ်ရသော အခြေအနေဖြစ်လျှင် မိဘထံ တစ်ဦးချင်းဆက်သွယ်ပြီး ဗုဒ္ဓဟူးနေ့ တွင် ပြန်လည်ကုစားရေး အချိန်အတွက် ဆရာနှင့် မိဘတွေ့ရန် ရက်ချိန်းယူရမည်။ အကယ်၍ သင့်အားကျောင်းမှ ဆက်သွယ်လာပါက ဖောင်ဖြည့်ပြီး ကျောင်းအုပ် အဆောက်အဦးရုံးခန်းထံ ပြန်ပို့ပေးရမည်။ အင်္ဂလိပ်ဘာသာကို ဒုတိယဘာသာ စကား (ESL) အဖြစ် ပြောသူများ ပညာရေးတွင် အခက်အခဲရှိပါက ဗုဒ္ဓဟူးနေ့များတွင် ESL ဆရာများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ကြားပါသည်။ ပြန်လည်ကုစားရေး စာသင်ခန်းများကို အောက်တိုဘာလ ၂၈ ရက် ၊ ဗုဒ္ဓဟူးနေ့၂၀၂၀ တွင် စတင်ဖွင့်လှစ်မည်။

အရောသင်ကြားရေးမှ အွန်လိုင်းသင်ကြားရေး (သို့) အွန်လိုင်းသင်ကြားရေး မှ အရောသင်ကြားရေးသို့ ပြောင်းရွှေ့ လိုပါက ပြောင်းရွှေ့ခွင့်ကို ၉ ပတ် စာသင်ကာလ၏ အလည်တွင်လည်းကောင်း၊ ၉ ပတ် စာသင်ကာလ၏ အဆုံးတွင်လည်းကောင်း ခွင့်ပြုပေးမည်။ ပြောင်းရွှေ့ခွင့် ကို စာသင်ခန်းထဲတွင် ကျောင်းသားသည် အနဲဆုံး ၃ ပေခွာ၍ လူခြင်းခွာနေမည်ဆိုလျှင် ခွင့်ပြုပေးမည်။

စားသောက်ခန်း နှင့် အားကစားခန်းတွင် ကျောင်းသားသည် အနဲဆုံး ၆ ပေခွာ ၍ လူခြင်းခွာနေရမည်။

**အလယ်တန်း**

**၆ တန်း မှ ၁၂ တန်း** - ကျောင်းသားများ အရောသင်ကြားရေး စနစ် M/Th (သို့) T/Fr နေ့များတွင် လူကိုယ်တိုင်ကျောင်းတက်ခြင်း ကို ဆက်လက်ထားရှိသွားမည်။ ကျောင်းသားများ အားလုံး ဗုဒ္ဓဟူးနေ့တွင် အွန်လိုင်းတက်ရမည်။ အကယ်၍ ကျောင်းသား၏ ပညာရေးတိုးတက်မှုမှတ်တမ်း မအောင်မြင်ရန်/ကျရှုံးရန် စိုးရိမ်ရသော အခြေအနေဖြစ်လျှင် မိဘထံ တစ်ဦးချင်းဆက်သွယ်ပြီး အွန်လိုင်း မှ ပြန်လည်ကုစားရေး အချိန်အတွက် ဆရာနှင့် မိဘတွေ့ရန် ရက်ချိန်းယူရမည်။ ထို့အပြင် နိုဝင်ဘာလ ၉ ရက် ၊ တနင်္လာနေ့ မှ စတင်၍ လူကိုယ်တိုင် ပြန်လည်ကုစားရေး အချိန် နှင့် အကူအညီပေးရေး အချိန် တို့ကို ရယူလိုသော ကျောင်းသားများ ဆရာ နှင့် လာတွေ့ရန် ကျောင်းသို့ နေ့လည် ၂ နာရီ ၁၅ မိနစ် မှ ၃ နာရီ ၁၅ မိနစ် အချိန်အတွင်း အောက်ပါ အချိန်စာရင်း အတိုင်း လာတွေ့ရမည်။

တနင်္လာနေ့ နေ့လည် (၂ နာရီ ၁၅ မိနစ် မှ ၃ နာရီ ၁၅ မိနစ်) - သင်္ချာ၊ သိပ္ပံ၊ အနုပညာ/လက်မှု ပညာ နှင့် ESL

အင်္ဂါနေ့ နေ့လည် (၂ နာရီ ၁၅ မိနစ် မှ ၃ နာရီ ၁၅ မိနစ်) - အင်္ဂလိပ်စာ၊ လူမှုရေး၊ နိုင်ငံခြားဘာသာစကားနှင့် ESL

ကြာသပတေးနေ့ နေ့လည် (၂ နာရီ ၁၅ မိနစ် မှ ၃ နာရီ ၁၅ မိနစ်) - ကာယပညာ၊ လက်တွေ့အနုပညာ၊ အထူးပြုပညာရေး နှင့် ESL

အရောသင်ကြားရေးမှ အွန်လိုင်းသင်ကြားရေး (သို့) အွန်လိုင်းသင်ကြားရေး မှ အရောသင်ကြားရေးသို့ ပြောင်းရွှေ့ လိုပါက ပြောင်းရွှေ့ခွင့်ကို ၉ ပတ် စာသင်ကာလ၏ အလည်တွင်လည်းကောင်း၊ ၉ ပတ် စာသင်ကာလ၏ အဆုံးတွင်လည်းကောင်း ခွင့်ပြုပေးမည်။ ပြောင်းရွှေ့ခွင့် ကို စာသင်ခန်းထဲတွင် ကျောင်းသားသည် အနဲဆုံး ၃ ပေခွာ၍ လူခြင်းခွာနေမည်ဆိုလျှင် ခွင့်ပြုပေးမည်။

နေ့လည်စာ စားချိန်တွင် ကျောင်းသား များ လူခြင်းခွာနေရမည်။